# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 30 , 2022 | Volume 55, Number 22


**၃၀.၆.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၁၅ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၆၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၁၄၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၂၉.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၉.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၄၄.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၃.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၆.၂၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၄၃၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၉.၇၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၂.၃၈၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်တွင်း၊ ပြည်ပဝယ်လိုအားကောင်း၍ ထောပတ်ပဲအမြင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေ



Source: ရတနာပုံသတင်းစာ

ပြည်တွင်း၊ ပြည်ပဝယ်လိုအားကောင်း၍ ထောပတ်ပဲဈေးကွက် သွက်လက်လှုပ်ရှားကာ အမြင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

ယခုနှစ် ဈေးကွက်စတင်ဖွင့်လှစ်ခဲ့သည့် ဇန်နဝါရီလပထမပတ်တွင် ထောပတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ သာပေါက်ဈေးရှိခဲ့ရာ ဇန်နဝါရီနောက်ဆုံးပတ်တွင် ထောပတ်ပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀မှ ၁၅၂၅၀၀ ထိ ဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး မတ်လကုန်မှစ၍ လက်ရှိအချိန်ထိ ထောပတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ ထိ ဈေးနှုန်းများ ထပ်မံမြင့်တက်လာခဲ့ကြောင်း၊ ဇွန်လနောက်ဆုံးပတ်ထဲတွင် ပြည်ပပို့ကုန်ဈေးကွက်များတွင်လည်း ထောပတ်ပဲတစ်တန်လျှင် အနိမ့်ဈေး ၁၅ ဒသမ ၄၃ ကျပ်သိန်းနှင့် အမြင့်ဈေး ၁၆ ဒသမ ၅၃ သိန်းထိ ပေါက်ဈေးရှိနေကြောင်းသိရသည်။

ပြည်ပတင်ပို့မှုအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ဇွန် ၁၇ ရက်ထိ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၁၈ သန်း၊ နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၈၆ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၂၀၄ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထောပတ်ပဲများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၇၈ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၀ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၀၈ သန်းဖိုးတင်ပို့ရောင်းချပေးခဲ့ရသည်။

ထောပတ်ပဲကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မန္တလေးဈေးကွက်အတွင်း ပြောင်း(နီ)အရောင်းအဝယ်ကောင်းလာသောကြောင့် ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀ မြင့်တက်

မန္တလေးဈေးကွက်အတွင်း အထွက်တိုးပြောင်း(နီ)များ အရောင်းအဝယ်ကောင်းလာသောကြောင့် ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀ မြင့်တက်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေး ကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ပြည်တွင်းမှထွက်ရှိသည့် အထွက်တိုးပြောင်း(နီ)များ မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်လာပြီး အရောင်းအဝယ် ကောင်းမွန်လာကြောင်း၊ ထိုသို့ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းလာသောကြောင့် အထွက်တိုးပြောင်း(နီ) ကုန်ကြမ်း လက်ကျန်နည်းပါးလာပြီး ဈေးနှုန်းများပြန်လည်မြင့်တက်လာကြောင်း သိရသည်။

"အခုပြည်ပက အထွက်တိုးပြောင်း(နီ)ဝယ်ယူမှုတွေ အနည်းငယ်ရှိတယ်။ ပြည်တွင်းဈေးကွက်အတွင်းမှာ အခု လတ်တလောအရောင်းအဝယ် ပြန်ကောင်းမွန်လာတာကြောင့် မန္တလေးဈေးကွက်အတွင်း အထွက်တိုးပြောင်း(နီ)ဈေးနှုန်းတွေ မြင့်တက်လာပါတယ်" ဟု ဦးစက်မောင်ဆွေကပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း၌ ဇွန်လပထမပတ်က အထွက်တိုးပြောင်း(နီ)ဈေးနှုန်းမှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၄၁၅၀၀ သာရှိခဲ့သော်လည်း ဇွန် ၂၈ ရက်တွင် အထွက်တိုးပြောင်း(နီ) ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀ ပေါက်ဈေးရှိသဖြင့် ငွေကျပ် ၃၅၀၀ မြင့်တက်လာကြောင်း သိရသည်။

"အခုလက်ရှိကတော့ ပြည်တွင်းကအရည်အသွေးကောင်းမွန်တဲ့အထွက်တိုးပြောင်း(နီ)တွေကို ပြည်ပနိုင်ငံဘက်ကနေ ဈေးကောင်းပေးပြီး ဝယ်ယူမှုတွေများလာတယ်။ မန္တလေးဈေးကွက်ထဲမှာလဲ အထွက်တိုးပြောင်း(နီ) လက်ကျန်ရှားပါးလာတာ ကြောင့် ဈေးနှုန်းတွေမြင့်တက်လာတာဖြစ်ပါတယ်" ဟု ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း မတ်ပဲဈေးဆက်တက်နေ

ဧပြီလကုန်အထိ ဈေးငြိမ်နေခဲ့သော မတ်ပဲဈေးသည် မေလအတွင်းမှစတင်၍ တဖြည်းဖြည်းတက်လာခဲ့ရာ ယခုဇွန်လ စတုတ္ထပတ်တွင် နေ့စဉ်အတက်တွင်သာရှိနေပြီး တစ်ရက်ခြင်းစီ ဈေးနှုန်းကွာခြားချက်လည်း မြင့်လာသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်းဖြစ်ပေါ်ခဲ့သော ဧရာဝတီတိုင်းဒေသကြီး မတ်ပဲဈေးနှုန်းများမှာ ဇွန်လ ၂၁ ရက်နေ့တွင် တစ်တင်းလျှင် ကျပ် ၅၃၁၀၀၊ ၂၂ ရက်နေ့တွင် ကျပ် ၅၃၀၀၀၊ ၂၃ ရက်နေ့တွင် ကျပ် ၅၂၄၀၀၊ ၂၄ ရက်နေ့တွင် ကျပ် ၅၃၂၀၀၊ ၂၅ ရက်နေ့တွင် ကျပ် ၅၃၂၀၀၊ ၂၆ ရက်နေ့တွင် ကျပ် ၅၃၈၀၀၊ ၂၇ ရက်နေ့တွင် ကျပ် ၅၄၃၀၀၊ ၂၈ ရက်နေ့တွင် ကျပ် ၅၅၅၀၀ အသီးသီးဖြစ်ခဲ့ပါသည်။

မြန်မာနိုင်ငံမှ မတ်ပဲအဓိကဝယ်ယူတင်သွင်းလျက်ရှိသည့် အိန္ဒိယနိုင်ငံသည် ယခုနှစ်မိုးသီးနှံ စိုက်ပျိုးမှုတွင်လည်း စိုက်ပျိုးဧရိယာနှင့်အထွက်နှုန်းကျဆင်းနေပြီး မိုးရရှိမှုနည်းပါးသည့် ပြဿနာနှင့်ကြုံတွေ့နေရသည်။ ထို့ကြောင့် တောင်သူများ က ဝါနှင့်ပဲပုတ်ကို ပိုမိုစိုက်ပျိုးလာကြပြီး စပါးနှင့်ပဲမျိုးစုံစိုက်ပျိုးမှု ကျဆင်းနေသည်။

စိုက်ပျိုးဧရိယာကျဆင်းမှုအဆိုးရွားဆုံးမှာ ဆန်စပါးဖြစ်ပြီး မတ်ပဲနှင့်ပဲစဉ်းငုံစိုက်ပျိုးမှုက ဒုတိယလိုက်နေသည်။ ၂၀၂၁ ဘဏ္ဍာနှစ်တွင် မတ်ပဲစိုက်ဧရိယာ ဟက်တာ ၁.၉၄ သိန်းရှိခဲ့သော်လည်း ယခု ၂၀၂၂ ဘဏ္ဍာနှစ် မတ်ပဲစိုက်ဧရိယာ ဟက်တာ သိန်းပေါင်း ၀. ၉၃ သာရှိသည်။

မတ်ပဲစိုက်ပျိုးထုတ်လုပ်ပြီး အိန္ဒိယသို့တင်ပို့နေသည့် ပါကစ္စတန်နိုင်ငံတွင်လည်း ယခုနှစ် မတ်ပဲစိုက်ပျိုးထွက်ရှိမှု ကျဆင်းနေသည်။

မြန်မာမတ်ပဲဝယ်လိုအားကောင်းလျက်ရှိပြီး ယခုရက်ပိုင်းအတွင်း တစ်ရက်ချင်းစီတွင် ဈေးနှုန်းကွာခြားချက် ကျပ် ၅၀၀-၁၀၀၀ တွင်ရှိပြီး ဈေးနှုန်းမြင့်တက်လျက်ရှိသည်။ သို့သော် သတိထားရမည့်အချက်မှာ ယခုရက်ပိုင်းအတွင်း အိန္ဒိယသို့ တင်သွင်းလာသည့် ဆိပ်ကမ်းရောက်ရှိဈေးနှုန်းထက် ပြည်တွင်းမတ်ပဲ ပေါက်ဈေးကပိုနည်းနေကြောင်း လေ့လာသူများက ပြောသည်။

ပဲလိုအပ်ချက်များပြားနေသော်လည်း အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် ဈေးနှုန်းထိန်းညှိရန် မူဝါဒတစုံတရာထုတ်ပြန်လာနိုင်ကြောင်း သတိချပ်ရန်လိုအပ်ပါသည်။

**Source: ရောကုန်သွယ်မှုဗဟိုဌာန**

## မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစားလုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန် လုပ်ငန်းမှတ်ပုံတင် အခု ၁၆၀ ခွင့်ပြုထုတ်ပေးထား



Source: ရတနာပုံသတင်းစာ

ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းရှင်များပေါ်ထွက်လာစေရန် လုပ်ငန်းရှင်များကို လုပ်ငန်းမှတ်ပုံတင် အခု ၁၆၀ ခွင့်ပြုထုတ်ပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍သိရသည်။

အဆိုပါ တစ်နိုင်တစ်ပိုင်အသေးစား စီးပွားရေးလုပ်ငန်းရှင်များဖွံ့ဖြိုးတိုးတက်လာပြီး လုပ်ငန်းရှင်များပေါ်ထွက်လာစေရန် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း၌ လုပ်ငန်းရှင်များကို လုပ်ငန်းမှတ်ပုံတင် အခု ၄၀၀ ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့(ဇွန်-၂၉)ထိ အသေးစားတစ်နိုင်တစ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းရှင်များလာရောက်၍ လျှောက်ထားသူများ၏ လုပ်ငန်းအမျိုးအစားအလိုက် ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် လုပ်ငန်းမှတ်ပုံတင် အခု ၁၆၀ ကို သက်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများဖြင့် ထုတ်ပေးထားကြောင်းသိရသည်။

"အခု ဘဏ္ဍာနှစ်အတွင်းမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်တွေ ပေါ်ထွက်လာဖို့အတွက် လုပ်ငန်း မှတ်ပုံတင်တွေကို ထုတ်ပေးနေတာပါ။ ဘဏ္ဍာနှစ်အလိုက်လဲ ထုတ်ပေးနေတာပါ။ ဒါပေမဲ့ အခု ဘဏ္ဍာနှစ်အတွင်းမှာ လုပ်ငန်းရှင်တွေအတွက် လုပ်ငန်းမှတ်ပုံတင် အခု ၄၀၀ ထုတ်ပေးသွားမှာပါ။ မှတ်ပုံတင်တွေရရှိပြီးတော့ မိမိတို့ထုတ်လုပ်တဲ့ထုတ်ကုန်တွေဈေးကွက်ကို ဖြန့်ဖြူးရောင်းချနိုင်မှာပါ။ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကိုလဲ ထိုးဖောက်နိုင်အောင် ပြည်ပအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးပြီး ချေးငွေ၊ နည်းပညာတွေကိုဖလှယ်ရယူပြီး ဆောင်ရွက်ပေးမှာပါ။ ဒါ့ပြင် ဌာနမှာ မှတ်ပုံတင်ထားတဲ့ လူသုံးကုန်၊ အလှကုန်၊ စားသောက်ကုန်လုပ်ငန်းတွေကို စားသုံးသူတွေ ဘေးအန္တရာယ်မဖြစ်ဖို့အတွက် ကျန်းမာရေးနဲ့ညီညွတ်တဲ့ထုတ်ကုန်ပစ္စည်းတွေ ထုတ်လုပ်နိုင်အောင် ဌာနကသင်တန်းပေးတာတွေ၊ သက်ဆိုင်ရာထုတ်ကုန်တွေ ဓာတ်ခွဲစမ်းသပ်ပေးတာတွေကို ပြုလုပ်ပေးနေပါတယ်" ဟု ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

အဆိုပါ လုပ်ငန်းများမှာ လူသုံးကုန်ပစ္စည်းလုပ်ငန်း၊ အိမ်သုံးကုန်ပစ္စည်းလုပ်ငန်း၊ အထွေထွေအသေးစား စက်မှုလက်မှုလုပ်ငန်းစသည်တို့ဖြစ်ကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## အရည်အသွေးကောင်းနှမ်းသစ်များ အမြင့်ဈေးဖြင့် အရောင်းအဝယ်သွက်

မကွေးတိုင်းဒေသကြီးအတွင်းရှိ နှမ်းစိုက်ပျိုးထွက်ရှိရာဒေသများတွင် နွေနှမ်း(ရေသွင်းနှမ်း)များ ပေါ်ထွက်လာပြီဖြစ်ရာ နှမ်းအသစ်ပေါ်လာသလို နှမ်းဈေးများလည်း ဈေးကောင်းရလာကာ တောင်သူများအဆင်ပြေ တွက်ခြေကိုက်နေတာကို တွေ့ရပါတယ်။ တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့ (မကွေး)နှင့် MMTW Magway Company တို့ ပူးပေါင်းညှိနှိုင်းပြီး တောင်သူအစုအဖွဲ့များ စုပေါင်းကျင်းပတဲ့ နှမ်းသီးနှံစုပေါင်းရောင်းချပွဲအား ရေဝတီမြစ်အနောက်ဖက် မင်းဘူး(စကု)၊ စလင်း၊ ပွင့်ဖြူမြို့နယ်တို့တွင် တင်ဒါခေါ်ယူပြီး အဖွင့်ဈေးသတ်မှတ်ကာရောင်းချနေပြီး ယခုလိုရောင်းချရသည့်အတွက် တောင်သူများအဖို့ ဈေးကောင်းရရှိခြင်း၊ ပွဲခသက်သာသည့်အပြင် အိတ်ခွံအလေးချိန်မှာလည်း အနည်းငယ်သာပေးရသည့်အတွက် တောင်သူများပို၍အဆင်ပြေတွက်ခြေကိုက်မှုရှိကြောင်း သိရှိရပါသည်။

အသစ်ဝင်ရောက်လာတဲ့ နှမ်းနက်များမှာ မိုးလွတ်သဖြင့် အက်ဆစ်ဓါတ်ပါဝင်မှု မရှိသလောက်ဖြစ်တဲ့အတွက် အရည်အသွေးကောင်းနေတာကို တွေ့ရပါတယ်။ နှမ်းသစ်များ အရည်အသွေးကောင်းနေတဲ့အတွက် တရုတ်ဝယ်လက်များ

ကလည်း ဈေးကွက်ထဲသို့အဝင်ရှိသလောက် ဈေးကောင်းပေးဝယ်နေတယ်လို့သိရပါတယ်။ အညာနှမ်းများ ရာသီဥတုကောင်းတဲ့အတွက် အထွက်နှုန်းလည်းကောင်းကာ အရည်အသွေးပါကောင်းတဲ့အတွက် ဈေးကောင်းရကာ နှမ်းအားလုံးအရောင်းအဝယ်သွက်နေတယ်လို့ သိရပါတယ်။

ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနက်(စမုံ)သစ် ၄၅ပိဿာ(၃)တင်းဝင်(၁)အိတ်လျှင် ကျပ်(၂၄၀၀၀၀)၊ နှမ်းနက်(စမုံ)ဟောင်း ၄၅ပိဿာ(၃)တင်းဝင်(၁)အိတ်လျှင် ကျပ်(၂၁၅၀၀၀)၊ နှမ်းဝါနက်(ရိုးရိုး) ၄၅ပိဿာ(၃)တင်းဝင်(၁)အိတ်လျှင် ကျပ်(၁၆၅၀၀၀)၊ နှမ်းဖြူ(သစ်) ၄၅ပိဿာ (၃)တင်းဝင်(၁)အိတ်လျှင် ကျပ်(၁၉၂၀၀၀)ကျပ်၊ နှမ်းနီ ၄၅ပိဿာ (၃)တင်းဝင်(၁)အိတ်လျှင် ကျပ်(၁၇၅၀၀၀)၊ နှမ်းညိုကြား ၄၅ပိဿာ(၃)တင်းဝင်(၁)အိတ်လျှင် ကျပ်(၁၆၈၀၀၀) ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက နှမ်းရောင်စုံ ၄၅ပိဿာ(၃)တင်းဝင် (၁)အိတ်လျှင် ကျပ်(၅၀၀၀)မှ ကျပ်(၂၀၀၀၀) အထိ ဈေးမြင့်တက်ကာ အရောင်းအဝယ်သွက်လျှက်ရှိကြောင်း သိရှိရပါသည်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## ဆောက်လုပ်ရေးလုပ်ငန်းများ တွင်ကျယ်စွာလုပ်ကိုင်နေသဖြင့် ဘိလပ်မြေတင်သွင်းမှုမြင့်တက်

မိုးရာသီသို့ရောက်ရှိနေပြီဖြစ်သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းများ တွင်ကျယ်စွာလုပ်ကိုင်နေသဖြင့် ပြည်ပမှ ဘိလပ်မြေတင်သွင်းမှုမြင့်တက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရသိရသည်။

ဘိလပ်မြေဈေးကွက်များသည် ဆောက်လုပ်ရေးလုပ်ငန်းများ သွက်လက်စွာလုပ်ကိုင်နေသည့် ပွင့်လင်းရာသီတွင် ဈေးကွက်သွက်လက်ပြီး ဆောက်လုပ်ရေးလုပ်ငန်းများ တွင်ကျယ်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမရှိသည့် မိုးရာသီ၌ ဈေးကွက်အေးစက်လေ့ရှိကြောင်း၊ ထို့ကြောင့် ပွင့်လင်းရာသီတွင် ပြည်ပမှဘိလပ်မြေတင်သွင်းမှုမြင့်တက်နေပြီး မိုးရာသီတွင် ပြည်ပမှ ဘိလပ်မြေတင်သွင်းမှုများ လျော့ကျနေလေ့ရှိကြောင်း သိရသည်။

သို့သော် ယခုနှစ် မိုးရာသီတွင် ဆောက်လုပ်ရေးလုပ်ငန်းများကို အလျင်အမြန် လုပ်ကိုင်ဆောင်ရွက်နေကြသကဲ့သို့ အချို့သော ဆောက်လုပ်ရေးလုပ်ငန်းများမှာလည်း ရာသီဥတုအခြေအနေကိုကြည့်ကာ လုပ်ငန်းများဆက်လက်လုပ်ကိုင်ဆောင်ရွက်နေကြသောကြောင့် ပြည်ပမှဘိလပ်မြေတင်သွင်းမှု မြင့်တက်နေခြင်းဖြစ်ကြောင်းသိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတင်းများအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မေလအတွင်းက ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆၈ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၁၉၈၅၄ တန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများက အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၄၄ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၂၅၀၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၁၂ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၄၄၈၅၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ဧပြီလတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၀၃ သန်းတန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၂၅၀၅၀ ကျော်၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆၄ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၁၃၃၀၀ စုစုပေါင်းအမေရိကန်ဒေါ်လာ ၃ ဒသမ ၂၆၇ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၃၈၃၅၀ သာ တင်သွင်းခဲ့ရသဖြင့် မေလအတွင်း မိုးရွာသွန်းနေပြီဖြစ်သော်လည်း ဧပြီလကထက် ဘိလပ်မြေတန်ချိန် ၆၅၀၄ တန်ပိုမို တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ၂၀၂၂ ခုနှစ် ဇွန်လ ၁၈ ရက်မှ ၂၄ ရက်နေ့အတွင်း ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၈ ရက်မှ ၂၄ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ပဲတီစိမ်း၊ နှမ်းနက်၊ ဆန်၊ ဆန်ကွဲ၊ မြေထောက်ပဲ၊ ကြံ၊ ကြိမ်၊ ဧရာတ်သီး(အခြောက်)၊ ပဲယင်းနှင့် ALUMINIUM ALLOY များ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၃၀၄၁၃၃၃ ဒသမ ၀၃ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏမှာ ၁၁၁၆၂၁၆ ဒသမ ၂၂ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၄၁၅၇၅၄၉ ဒသမ ၂၅ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ ပါသည်။

သွင်းကုန်ပစ္စည်းများမှာ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ သားရေနှင့်သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ ချုပ်ပြီးအဝတ်အထည်များ၊ ချည်ထည်များ၊ အခြား ချည်ခင်များ၊ လယ်ထွန်စက်များ၊ ဓါတ်မြေသြဇာများ၊ ဓာတုဗေဒချည်ခင်များ၊ ထီးနှင့် Empty Cargo Container 45' Feet များ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၅၇၂၂၂ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၇၈၀၆၇၅ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၈၃၇၈၉၇ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၆၁ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၇၇ ကျပ်ရှိကြောင်းသိရှိရပါသည်။

Source: **မနောမြေကုန်သွယ်မှုဇုံဌာန**

## ဆန်နှင့်ဆန်ထွက်ပစ္စည်းများကို ဆူးလေဆိပ်ကမ်းတံတားများမှ တင်ပို့နေရာ ၂၀၂၁ ခုနှစ် ဧပြီမှ ၂၀၂၂ ခုနှစ် မတ်လအထိ ဆူးလေဆိပ်ကမ်းတံတားများမှ သင်္ဘောအစင်း ၉၀ ဖြင့် ဆန်တန်ချိန် ၁၃၅၇၂၀၂ တန် ပို့ဆောင်ခဲ့

ဆန်နှင့်ဆန်ထွက်ပစ္စည်းများကို ပင်လယ်ရေကြောင်းမှတစ်ဆင့် Bulk Carrier သင်္ဘောကြီးများ (ဝမ်းပုံစနစ်)ဖြင့် ပြည်ပသို့ နှစ်စဉ်တင်ပို့လျက်ရှိရာ ယခင်နှစ် ( ၂၀၂၁ ခုနှစ် ဧပြီလမှ ၂၀၂၂ခုနှစ် မတ်လအထိ) တွင် ဆူးလေဆိပ်ကမ်းတံတားများ(အမှတ် ၁ မှ ၇ အထိ) မှ စုစုပေါင်းသင်္ဘော ၉၀ စင်းဖြင့် ဆန်တန်ချိန် ၁၃၅၇၂၀၂ တန်ကိုလည်းကောင်း၊ ယခုနှစ် ၂၀၂၂ခုနှစ်၊ ဧပြီလမှ ဇွန်လ သုံးလတာအတွင်း စုစုပေါင်းသင်္ဘော ၂၇ စင်းဖြင့် ဆန်တန်ချိန် ၅၈၂၃၃၀ တန်ကိုလည်းကောင်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာ့ပို့ကုန်အဖြစ် ဆန်နှင့်ဆန်ထွက်ပစ္စည်းများကို ဆူးလေဆိပ်ကမ်းတံတားများမှ တင်ပို့နေရာ လက်ရှိဆူးလေ ဆိပ်ကမ်း တံတားခုနစ်စင်းတွင် သင်္ဘောငါးစင်းဖြင့် ဆန်တန်ချိန် ၁၄၃၄၀၀ တန်အား ဘယ်လ်ဂျီယံ၊ စပိန်နှင့်တိုဂိုနိုင်ငံများသို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ထုတ်ပြန်ချက်များအရသိရသည်။ လက်ရှိတွင် ဆူးလေ ဆိပ်ကမ်းတံတားခုနစ်စင်းတွင် အလျား ၁၈၃ မီတာရှိ သင်္ဘောကြီး နှစ်စီး၊ ၁၈၆မီတာရှိ သင်္ဘောကြီးနှစ်စီးနှင့် ၂၀၀ မီတာရှိ သင်္ဘောကြီးတစ်စီး စုစုပေါင်း သင်္ဘောငါးစီး တံတားနေရာပြည့်ဆိုက်ကပ်၍ ဆန်တန်ချိန်စုစုပေါင်း ၁၄၃၄၀၀ တန်ကို တင်ဆောင်ပြီး ဘယ်လ်ဂျီယံနိုင်ငံသို့ သုံးစီး၊ စပိန်နိုင်ငံသို့တစ်စီးနှင့် တိုဂိုနိုင်ငံသို့တစ်စီး တင်ပို့ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ ၁၂ လအတွင်း ပြည်ပသို့ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ ဒေါ်လာ ၆၈၇ ဒသမ ၂ သန်းရရှိခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၁ ခုနှစ်အတွင်း လအလိုက် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ ဝင်ငွေရရှိမှုအနေဖြင့် ဇန်နဝါရီလတွင် ဒေါ်လာ၉၆ ဒသမ ၂ သန်း၊ ဖေဖော်ဝါရီလတွင် ဒေါ်လာ ၄၅ သန်း၊ မတ်လတွင် ဒေါ်လာ၄၂ ဒသမ ၄ သန်း၊ ဧပြီလတွင် ဒေါ်လာ ၄၇ ဒသမ ၅ သန်း၊ မေလတွင် ဒေါ်လာ ၇၂ ဒသမ ၈ သန်း၊ ဇွန်လတွင် ဒေါ်လာ ၇၄ ဒသမ ၇ သန်း၊ ဇူလိုင်လတွင် ဒေါ်လာ ၁၈ သန်း၊ ဩဂုတ်လတွင်ဒေါ်လာ ၁၈ ဒသမ ၈ သန်း၊ စက်တင်ဘာလတွင် ဒေါ်လာ ၃၈ ဒသမ ၂ သန်း၊ အောက်တိုဘာလတွင် ဒေါ်လာ ၅၆ ဒသမ ၂ သန်း၊ နိုဝင်ဘာလတွင် ဒေါ်လာ ၇၂ ဒသမ ၂ သန်းနှင့် ဒီဇင်ဘာလတွင် ဒေါ်လာ ၁၀၅ ဒသမ ၁ သန်းဖြင့် စုစုပေါင်း ဒေါ်လာ ၆၈၇ ဒသမ ၂ သန်းရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဧပြီလတွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် တစ်သိန်းခုနစ်သောင်းကျော်တင်ပို့ခဲ့ပြီး အာဖရိကနိုင်ငံများသို့ ဆန်အများဆုံးတင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

၂၀၂၂ ခုနှစ် ဧပြီလတွင် ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဒေါ်လာ ၄၁ ဒသမ ၂၉၈ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၁၉၂၆၀ ကျော်တင်ပို့ခဲ့သည်။ ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၂၆၉၄၀ ကျော်၊ အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၄၉၇၂၀ ခန့်၊ အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၄၂၆၀၀ ခန့် တင်ပို့ခဲ့သည်။

မြန်မာနိုင်ငံမှ ဆန်တင်ပို့မှု အများဆုံး နိုင်ငံများမှာ အိုင်ဗရီကို့စ်နိုင်ငံသို့ တန်ချိန် ၁၀၀၀၀ ခန့်၊ ကင်မရွန်းနိုင်ငံသို့ တန်ချိန် ၉၀၀၀ ခန့်၊ အင်ဂိုလာနိုင်ငံသို့ တန်ချိန် ၁၅၀၀၀ ခန့်၊ မက်ဒါဂါးစကားနိုင်ငံသို့တန်ချိန် ၈၅၀၀ ခန့်၊ အာရှနိုင်ငံများဖြစ်သော တရုတ်နိုင်ငံသို့ တန်ချိန် ၁၄၃၀၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၁၂၂၀၀ခန့်နှင့် သီရိလင်္ကာနိုင်ငံသို့ တန်ချိန် ၂၅၀ ခန့်၊ ဟောင်ကောင်သို့ တန်ချိန် ၁၈၀ ခန့်တင်ပို့ခဲ့သည်။ အီးယူအဖွဲ့ဝင် နိုင်ငံများဖြစ်သော ပိုလန်နိုင်ငံသို့ တန်ချိန် ၈၈၀၀ ခန့်၊ လစ်သူရေးနီးယားနိုင်ငံသို့ တန်ချိန် ၈၂၀၀ ခန့်၊ အီတလီနိုင်ငံသို့ တန်ချိန် ၈၆၉၀ ခန့်၊ စပိန်နိုင်ငံသို့ တန်ချိန် ၁၅၁၈၀ ခန့်၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ တန်ချိန် ၇၇၅၀ ခန့်နှင့် ဘယ်လ်ဂျီယံနိုင်ငံသို့ တန်ချိန် ၇၀၀ ခန့်တင်ပို့နိုင်ခဲ့သည်။

**Source:** https://news-eleven.com/article/233233

## ကန်ပိုက်တီးစခန်းမှ တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောများ အဓိကတင်ပို့ ၂၀၂၂ ခုနှစ် ဇွန် ၁၇ ရက်အထိ အမေရိကန်ဒေါ်လာ ၃၁.၁၉၆ သန်း တင်ပို့နိုင်ခဲ့


https://xinhuamyanmar.com

ကချင်ပြည်နယ် ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ မိုးတွင်းကာလတွင် တစ်သျှူးငှက်ပျောများ အဓိကတင်ပို့နေရပြီး ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက် မှ ဇွန် ၁၇ ရက်အထိ အမေရိကန်ဒေါ်လာ ၃၁.၁၉၆ သန်း တင်ပို့နိုင်ခဲ့ပြီး၊ သွင်းကုန်အမေရိကန် ဒေါ်လာ ၂.၃၀၄ သန်းဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူတစ်ဦးက “မိုးတွင်းဖြစ်တော့ တခြားကုန်စည်တွေကတော့ သိပ်တင်ပို့မှုမရှိဘူး။ တစ်သျှူးငှက်ပျောကိုပဲ အဓိကတင်ပို့နေရပါတယ်” ဟု ဆင်ဟွာသို့ပြောသည်။

တစ်ရှူးငှက်ပျောများကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တစ်ဖက်ကမ်းက ဝိုင်းမော်၊ မိုးမောက်နဲ့ဝန်းမော်မြို့နယ်များတွင် ၂၀၀၆ ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့ကြောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ထုတ်ပြန်ထားသောစာရင်းအရ ပြည်နယ်တစ်ခုလုံးတွင် တစ်သျှူးငှက်ပျောစိုက်ဧက ၆၀,၀၀၀ ကျော်အထိရှိပြီး ကချင်ပြည်နယ်အတွင်း အဓိကစိုက်ပျိုးလျက်ရှိနေသည့် တစ်သျှူးငှက်ပျောများကို ကန်ပိုက်တီးနယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိကပို့ဆောင်လျက်ရှိကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမင်းမင်းက “ကန်ပိုက်တီးကုန်သွယ်ရေးစခန်းကနေ ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက် မှ ဇွန် ၁၇ ရက်အထိ ကျွန်တော်တို့ သွင်းကုန်ရော၊ ပို့ကုန်ရောကို အမေရိကန်ဒေါ်လာ ၃၃ သန်းကျော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်နဲ့ နှိုင်းယှဉ်ရင် ပိုမိုတင်ပို့နိုင်တယ်လို့ ပြောလို့ရပါတယ်။ ၂၀၂၁ ခုနှစ်ရဲ့ ကာလတူမှာဆိုရင် သွင်းကုန်ရော၊ ပို့ကုန်ရောကို အမေရိကန်ဒေါ်လာ ၂၅.၄၀၅ သန်းပဲ ဆောင်ရွက်နိုင်ခဲ့ပါတယ်” ဟု ဆင်ဟွာသို့ပြောသည်။

**Source:** https://xinhuamyanmar.com/news/sino-myanmar/nm-22029060013/

## ပြည်တွင်းသကြားဈေးကွက်အတွင်း သကြားလက်ကျန်နည်းလာခြင်းကြောင့် သကြားဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိ

ပြည်တွင်းသကြားဈေးကွက်အတွင်း သကြားလက်ကျန်နည်းလာခြင်းကြောင့် သကြားဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း (ရန်ကုန်တိုင်းဒေသကြီး) ဗဟိုအလုပ်အမှုဆောင် ဦးအောင်ဝင်းထံမှသိရသည်။

လက်ရှိ မိုးအဝင်ကာလသည် နှစ်စဉ်သကြားဈေးကွက်အေးသည့် ရာသီဖြစ်သော်လည်း ဒေါ်လာဈေးမြင့်တက်နေသည့်အတွက် သကြားဈေးသည် အမြင့်ဈေးတွင်ရှိနေခြင်းဖြစ်ကြောင်းသိရသည်။ “ပြည်တွင်းသကြားဈေးကတော့ ပြီးခဲ့တဲ့နှစ်တွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အတက်ဈေးမှာပဲရှိနေသေးတယ်။ ပြီးခဲ့တဲ့ နှစ်တွေက သကြားဈေးက တစ်ပိဿာကို အများဆုံး ငွေကျပ် ၉၀၀ ခန့်သာရှိခဲ့ပါတယ်။ အခုလက်ရှိ သကြားတစ်ပိဿာကို ငွေကျပ် ၂၁၀၀ ကနေ ၂၁၅၀ ဝန်းကျင်ထိရှိနေပါတယ်။ ဈေးနှုန်းမြင့်တက်လာတဲ့အကြောင်းကတော့ ပြည်တွင်းဈေးကွက်မှာ သကြားလက်ကျန်နည်းနေလို့ သကြားကုန်သည်ကြီးတွေက ထိန်းရောင်းနေတဲ့အတွက်ဖြစ်ပါတယ်” ဟု ဦးအောင်ဝင်းကပြောပြသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ပြီးခဲ့သည့်နှစ်များက သကြားဈေးကွက်အရှုံးပေါ်ခဲ့သဖြင့် ကြံစိုက်ကေများကို လျှော့ချစိုက်ပျိုးခဲ့ခြင်းများရှိသော်လည်း ယခုနှစ်တွင်မှ ဈေးကောင်းရနေသည့်အတွက် ကြံစိုက်ကေများ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## တစ်တန်ကို ၁၇ သိန်းနီးပါးနဲ့ ၁၉ သိန်းကျော်ထိတက်လာသည့် မတ်ပဲဈေးနှုန်းများ



https://greenwaymyanmar.com

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာတော့ အိန္ဒိယအဓိကပို့ကုန်တစ်ခုဖြစ်တဲ့ မတ်ပဲဈေးနှုန်းတွေဟာ ဆက်တိုက်တက်နေဆဲဖြစ်ပြီး အမျိုးအစားအလိုက် တစ်တန်ကို ကျပ် ၁၇ သိန်းနီးပါးနဲ့ ၁၉ သိန်းကျော်ဈေးတွေ ဖြစ်လာတာပါ။

မတ်ပဲ(FAQ/RC – 2022) က ဒီနေ့မှာ တစ်တန်ကို ၁၆၉၃၅၀၀ ဖြစ်လာပြီး မတ်ပဲ (SQ/RC – 2021) ကတော့ တစ်တန်ကို ၁၉၁၃၅၀၀ ကျပ် ထိ ဖြစ်လာတာပါ။ Indiatimes သတင်းတစ်ခုအရတော့ အိန္ဒိယမှာ မုတ်သုံနောက်ကျနေတာကြောင့် စပါး၊ ပဲတီစိမ်းနဲ့ မတ်ပဲစိုက်ပျိုးမှုတွေအပေါ် ထိခိုက်မှုတွေရှိနေပြီး အချိန်မီမစိုက်ပျိုးနိုင်တာတွေရှိနေတယ်လို့ ဖော်ပြထားပါတယ်။ တကယ်လို့ စိုက်ပျိုးချိန်တွေမမီတော့ရင် လယ်သမားတွေဟာ ဟင်းသီးဟင်းရွက်တွေ၊ ပြောင်းတွေလို မျိုးတွေကို ပြောင်းလဲစိုက်ပျိုးရနိုင်တယ်လို့ စိုက်ပျိုးရေးဌာနအကြီးတန်းအရာရှိတစ်ဦးက ပြောကြားကြောင်းလည်း သတင်းမှာဖော်ပြထားတာတွေ့ရပါတယ်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရောကုန်သွယ်မှုဗဟိုဌာနရဲ့ သတင်းထုတ်ပြန်ချက်မှာတော့ အိန္ဒိယမှာ မိုးနည်းနေတာကြောင့် စိုက်ပျိုးဧရိယာကျဆင်းမှုအဆိုးရွားဆုံးမှာ ဆန်စပါးဖြစ်ပြီး မတ်ပဲနှင့်ပဲစင်းငုံစိုက်ပျိုးမှုက ဒုတိယလိုက်နေတယ်လို့ ဆိုထားပါတယ်။ ၂၀၂၁ ဘဏ္ဍာနှစ်တုန်းက မတ်ပဲစိုက်ဧရိယာ ဟက်တာ ၁.၉၄ သိန်း ရှိခဲ့ပေမယ့် ယခု ၂၀၂၂ ဘဏ္ဍာနှစ်မှာတော့ မတ်ပဲစိုက်ဧရိယာဟာ ဟက်တာ ၀. ၉၃ သိန်းသာရှိတယ်လို့ဆိုထားလို့ နှစ်ဆကျော်ကျဆင်းသွားတာဖြစ်ပါတယ်။

ဒ့ါအပြင် မတ်ပဲစိုက်ပျိုးထုတ်လုပ်ပြီး အိန္ဒိယသို့တင်ပို့နေတဲ့ ပါကစ္စတန်နိုင်ငံမှာလည်း ယခုနှစ်မှာ မတ်ပဲစိုက်ပျိုးထွက်ရှိမှုကျဆင်းနေတယ်လို့လည်း ရောကုန်သွယ်မှုဗဟိုဌာနရဲ့ သတင်းမှာထည့်သွင်းဖော်ပြထားပါတယ်။ ဒါပေမဲ့ အခုလို ပဲလိုအပ်ချက်များပြားနေပေမယ့် အိန္ဒိယနိုင်ငံအစိုးရအနေနဲ့ ဈေးနှုန်းထိန်းညှိရန် မူဝါဒတစ်ခုတရာထုတ်ပြန်လာနိုင်တာကိုတော့ သတိချပ်ဖို့လိုတယ်လို့ ရောကုန်သွယ်မှုဗဟိုဌာနက သတိပေးထားပါတယ်။

ဒီတစ်ပတ်မှာ အတက်ဘက်ကိုပြန်ရောက်လာတဲ့ ပဲစင်းငုံနီ (RC–2021) ဈေးနှုန်းဟာလည်း အတက်ဈေးနဲ့သာ ဆက်ရှိနေပြီး ဒီနေ့မှာတော့ တစ်တန်ကို ၁၄၄၇၅၀၀ ပေါက်ဈေးရှိနေတယ်လို့ သိရပါတယ်။

(စိုက်ပျိုးရေးဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများကို ကိုးကားဖော်ပြခြင်းဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Black_gram_high_prices

# STOCK EXCHANGE (30.6.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 30th Jun. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,400 | -100 | -1.33% | 7,400 | 7,400 | 7,400 | 25 | 185,000 | 33,109,694 | 245,012 |
| MTSH | 00002 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 78 | 206,700 | 38,929,150 | 103,162 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 0 | 0 | 10,400,986 | 73,848 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 100 | 1,750,000 | 2,472,053 | 43,261 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 19,977,223 | 51,941 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 50 | 250,000 | 10,497,598 | 52,488 |

## Market summary

As of 30th Jun. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 345.92 | -1.90 | -0.55% | 347.82 | 347.82 | 345.92 | 253 | 2,391,700 | 7 | 601,770 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 30th Jun. 2022

| MYANPIX | 345.92 ▼ 1.90 |
|---|---|
| Total Volume (shares) | 253 |
| Total Value (MMK) | 2 mil |
| Listed Company | 7 |
| Market Cap. (MMK) | 601,770 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▼ 100 |
| MTSH | 00002 | 2,650 | ▲ 0 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |